## အနာဂါတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာအခြေခံမူ (၈) ချက်ကို သဘောတူလက်မှတ် ရေးထိုးခြင်းမှတ်တမ်း

အောက်ဖော်ပြပါ အခြေခံမူ (၈)ချက်ကို သဘောတူညီပြီး ၎င်းအခြေခံမူများကို အခိုင်အမာ ကိုင်စွဲလျက် အနာဂါတ် ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေတရပ်ကို စုပေါင်းညီညွတ်စွာဖြင့် ညှိနှိုင်းရေးဆွဲကြ၍ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ပြည်နယ်ပေါင်းစု ပြည်ထောင်စုကြီးတည်ဆောက်နိုင်သည်အထိ မမိုတ်မသုန် ကြိုးပမ်းဆောင်ရွက်ကြမည်ဟု သက္ကရာဇ် ၂၀၀၅ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်တွင် သဘောတူ လက်မှတ်ရေးထိုးအပ်ပါသည်။

**(၁) အချုပ်အခြာအာဏာ (Sovereign Power)**

နိုင်ငံ၏ အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုထံမှသာ ဆင်းသက်စေရမည်။

**(၂) တန်းတူရေး (Equality)**

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူအခွင့်အရေး ရှိစေရမည်။

**(၃) ကိုယ်ပိုင်ပြဌာန်းခွင့် (Self-determination)**

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝ ရှိစေရမည်။

**(၄) ဖက်ဒရယ်ပြည်ထောင်စုမူများ (Federal Principles)**

ကိုယ်ပြဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ဖွဲ့စည်းသည့် ဖက်ဒရယ်ပြည်ထောင်စုဖြစ်ရမည်။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ် ထားရှိရမည်။

**(၅) လူနည်းစုများ၏ အခွင့်အရေးများ (Minority Rights)**

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ကာကွယ်ပြဌာန်းပေးရမည်။

**(၆) ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေးနှင့်ကျား/မ ဆိုင်ရာတန်းတူညီမျှမှု (Democracy, Human Rights and Gender Equality)**

ဘာသာအယူဝါဒ၊ အသားအရောင်၊ လိင်ကွဲပြားမှုများကို အခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေဘဲ အခြေခံလူ့အခွင့်အရေးများ ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ်ပြဌာန်ပေးရမည်။

**(၇) ဘာသာရေးကို အခြေမခံသောနိုင်ငံ (Secular State)**

ဘာသာရေးကို အခြေမခံသော နိုင်ငံတော် ဖြစ်စေရမည်။

**(၈) ပါတီစုံဒီမိုကရေစီစနစ် (Multi-party Democracy System)**

ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။

## အနာဂါတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာအခြေခံမူ (၈) ချက်ကို သဘောတူလက်မှတ် ရေးထိုးထားသော အဖွဲ့အစည်းများ။

| စဉ် | အမည် | အဖွဲ့အစည်း အမည် | တာဝန် |
|---|---|---|---|
| ၁ | ဦးတယ်ဒီဘူးရီ | Members of Parliament Union (MPU) | |
| ၂ | ဒေါ်စန်းစန်း | Members of Parliament Union (MPU) | |
| ၃ | ဦးဘိုလှတင့် | Members of Parliament Union (MPU/NCGUB) | |
| ၄ | ဒေါက်တာ စန်းအောင် | Members of Parliament Union (MPU/NCGUB) | |
| ၅ | ခွန်းမားကိုဘန်း | Members of Parliament Union (MPU/NCGUB) | |
| ၆ | ဒေါက်တာ တင့်ဆွေ | Members of Parliament Union (MPU/NCGUB) | |
| ၇ | ဦးသိန်းဦး | Members of Parliament Union (MPU/) | |
| ၈ | ဦးသာနိုး | Members of Parliament Union (MPU) | |
| ၉ | ဦးလျန်အုပ် | Members of Parliament Union (MPU) | |
| ၁၀ | ဦးဒယ်နီရယ်အောင် | Members of Parliament Union (MPU) | |
| ၁၁ | ဦးပီတာလင်းပင် | Members of Parliament Union (MPU) | |
| ၁၂ | ဒေါက်တာ မျိုးဝင်း | Members of Parliament Union (MPU) | |
| ၁၃ | ဦးဗိုလ်သောင်း | Members of Parliament Union (MPU) | |
| ၁၄ | ဦးကျော်လွင် | Members of Parliament Union (MPU) | |
| ၁၅ | ဦးတင်ထွန်းအောင် | Members of Parliament Union (MPU) | |

| | | | |
|---|---|---|---|
| ၁၆ | ဒူးဝါးဇောအောင် | Members of Parliament Union (MPU) | |
| ၁၇ | ဦးလှဦး | Members of Parliament Union (MPU) | |
| ၁၈ | ဦးခင်ကျော်ဟန် | Members of Parliament Union (MPU) | |
| ၁၉ | ဦးထန်လျန်းပေါင် | Members of Parliament Union (MPU) | |
| ၂၀ | ဦးတင်ထွန်း | Members of Parliament Union (MPU) | |
| ၂၁ | ဦးတင်အောင် | National League for Democracy (NLD-LA) | |
| ၂၂ | ဦးသံခဲ | (ABSDF) | ဥက္ကဋ္ဌ |
| ၂၃ | ဦဟာမစ် | (ABMU) | အထွေထွေအတွင်းရေးမှူး |
| ၂၄ | ဦးဝဏ္ဏသီရိ | (ABYMU) | ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် |
| ၂၅ | ခိုင်စိုးနိုင်အောင် | (ALP) | ဒု-ဥက္ကဋ္ဌ |
| ၂၆ | ဦးငွေလင်း | (DPNS) | တွဲဖက်/အထွေထွေအတွင်းရေးမှူး(၂) |
| ၂၇ | ဦးမောင်မောင် | (FTUB) | အထွေထွေအတွင်းရေးမှူး |
| ၂၈ | ဗိုလ်ချုပ်ကြီးစောတာမလာဘော | (KNU) | ဒု-ဥက္ကဋ္ဌ |
| ၂၉ | Ba Si | (LDF) | ဒု-ဥက္ကဋ္ဌ |
| ၃၀ | ဦးမောင်မောင်ငြိမ်း | (PDF) | အတွင်းရေးမှူး |
| ၃၁ | ဦးကျော်လှ | (MLOB) | ဥက္ကဋ္ဌ |
| ၃၂ | ဦးဌေးအောင် | (NDD) | နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် |
| ၃၃ | ဦးစောစ | (NNLD) | ဥက္ကဋ္ဌ |
| ၃၄ | မန်းဗလစိန် | (OKO) | အတွင်းရေးမှူး |
| ၃၅ | ဦးတင်ရှိန် | (MDUF) | အတွင်းရေးမှူး |
| ၃၆ | ဦးအေးဆောင် | (PLF) | အတွင်းရေးမှူးချုပ် |
| ၃၇ | ဦးဖြူလေး | (PPF) | အထွေထွေအတွင်းရေးမှူး (၂) |
| ၃၈ | မိုင်းအိုက်ဖုန်း | (PSLF) | အထွေထွေအတွင်းရေးမှူး |
| ၃၉ | ဦးငွေဝင် | (PPP) | ဗဟိုအလုပ်အမှုဆောင် |
| ၄၀ | ဦးကျော်ထင် | (ALD) | အထွေထွေအတွင်းရေးမှူး |
| ၄၁ | ဒေါက်တာဆလျှန်မှုန်းဆာခေါင်း | (CNLD) | အထွေထွေအတွင်းရေးမှူး |
| ၄၂ | Makaw Khun Sa | (KNDC) | ဥက္ကဋ္ဌ |
| ၄၃ | SALAI CHINZAH | (MPP) | ဥက္ကဋ္ဌ |
| ၄၄ | စောဟန်ညွန့် | (UKL) | အတွင်းရေးမှူး |
| ၄၅ | Tuang Len Piang | (ZNC) | အထွေထွေအတွင်းရေးမှူး |
| ၄၆ | Sao Seng SuK | (SDU) | ဥက္ကဋ္ဌ |
| ၄၇ | မန်းအောင်သန်းလေး | (KNPP) | ဒု-ဥက္ကဋ္ဌ |
| ၄၈ | ဗိုလ်မှူးကြီး ခွန်ဥက္ကာ | (PPLO) | ဥက္ကဋ္ဌ |
| ၄၉ | ဒေါ်မိဆူးပွင့် | Women's League of Burma (BWU/WLB) | |
| ၅၀ | နော်ခိုင်မာကျော်ဇော | Women's League of Burma (KWO/WLB) | |
| ၅၁ | စောမြရာဇာလင်း | Women's League of Burma (AWO/WLB) | |
| ၅၂ | နန်းဆိုင်နောင့် | Women's League of Burma (SWAN/WLB) | |
| ၅၃ | လွေးအေးနန်း | Women's League of Burma (PWO/WLB) | |
| ၅၄ | ဒေါ်မော်လီ | Women's League of Burma (WRWAB/WLB) | |

## အနာဂါတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူများချမှတ်ရေး နီးနှောဖလှယ်ပွဲ သဘောတူဆုံးဖြတ်ချက်များ

Resolution on Basic Principles Seminar

အနာဂါတ်ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူများချမှတ်ရေး နီးနှောဖလှယ်ပွဲတရပ်ကို သက္ကရာဇ် ၂၀၀၅ ခုနှစ်၊ ဖေဖေါ်ဝါရီ လ (၉) ရက်နေ့မှ (၁၂) ရက်နေ့အထိ နယ်စပ်တနေရာတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ထိုအခြေခံမူများချမှတ်ရေး နီးနှောဖလှယ်ပွဲကြီးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းအသီးသီးတို့မှ ခေါင်းဆောင်များနှင့်တကွ အမျိုးသမီးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများနှင့် လူထုအခြေပြု အဖွဲ့အစည်းများတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၁၀၆) ဦး တက်ရောက်ခဲ့ကြပါသည်။

ဤနီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်အသီးသီးတို့မှ အနာဂါတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာအခြေခံမူများအဖြစ် အောက်ဖေါ်ပြပါအတိုင်း တညီတညွတ်တည်း အတည်ပြုခဲ့ပါသည်။

**ယင်းအခြေခံမူများမှာ---**

**(၁) အချုပ်အခြာအာဏာ (Sovereign Power)**

နိုင်ငံ၏ အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုထံမှသာ ဆင်းသက်စေရမည်။

**(၂) တန်းတူရေး (Equality)**

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူအခွင့်အရေး ရှိစေရမည်။

**(၃) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination)**

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိစေရမည်။

**(၄) ဖက်ဒရယ်ပြည်ထောင်စုမူများ (Federal Principles)**

ကိုယ်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ဖွဲ့စည်းသည့် ဖက်ဒရယ်ပြည်ထောင်စုဖြစ်ရမည်။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ် ထားရှိရမည်။

**(၅) လူနည်းစုများ၏ အခွင့်အရေးများ (Minority Rights)**

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများအား ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အတိအလင်း ကာကွယ်ပြဋ္ဌာန်းပေးရမည်။

**(၆) ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေးနှင့်ကျား/မ ဆိုင်ရာတန်းတူညီမျှမှု (Democracy, Human Rights and Gender Equality)**

ဘာသာအယူဝါဒ၊ အသားအရောင်၊ လိင်ကွဲပြားမှုများကို အခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေဘဲ အခြေခံလူ့အခွင့်အရေးများ ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်ပေးရမည်။

**(၇) ဘာသာရေးကို အခြေမခံသောနိုင်ငံ (Secular State)**

ဘာသာရေးကို အခြေမခံသော နိုင်ငံတော် ဖြစ်စေရမည်။

**(၈) ပါတီစုံဒီမိုကရေစီစနစ် (Multi-party Democracy System)**

ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။

**အထက်ပါ အခြေခံမူများအပြင်–**

၁။ Civilian Supermacy အရပ်ဘက် အုပ်ချုပ်မှုအောက်တွင် ပြည်ထောင်စုတပ်မတော် ထားရှိရေး၊

၂။ ပြည်နယ်သစ်များဖွဲ့စည်းရေး၊

၃။ (က) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊

(ခ) အမျိုးသမီးများနှင့် ကလေးများဆိုင်းရာ ကာကွယ်စောင့်ရှောက်ရေးနှင့် တိုးတက်မြှင်းမားရေးအတွက် အထူးလုပ်ဆောင်ချက်များ အကောင်အထည်ဖေါ်ဆောက်ရွက်ရေး စသည့်မူများကို ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရာတွင် အလေးအနက်တည့်သွင်းပြဋ္ဌာန်းသွားရန် သဘောတူ လက်ခံကြပါသည်။

ရှေ့လုပ်ငန်းစဉ်များဆိုင်ရာ ဆုံးဖြတ်ချက်များမှာ----

၁။ သဘောတူညီမှုရရှိပြီးသော အနာဂါတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူများအပေါ်တွင် အခြေခံပြီး ဖက်ဒရယ်ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ်အား ဆက်လက်အကောင်ထည်ဖေါ်ဆောင်ရွက်သွားရန် ဆုံးဖြတ်သည်။

၂။ ဤလုပ်ငန်းစဉ်အား ဆက်လက်အကောင်အထည်ဖေါ်နိုင်ရေးအတွက် NCUB, NDF, UNLD(LA), KNPP, SDU, WLB နှင့် လူငယ်အဖွဲ့အစည်းများကို တာဝန်ပေးအပ်ထားပါသည်။

၃။ ထိုသို့ ဆောင်ရွက်ရာတွင် ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းမှုကော်မတီ (Constitutional Drafting Coordination Committee) တရပ်အား ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် ဥပဒေရေးရာ အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားရန် လမ်းညွှန်သည်။

၄။ ယင်းအခြေခံမူများကို အောက်ဖော်ပြပါ နယ်ပယ်အသီးသီးတွင် ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုများရရှိနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်း ဤနီးနှောဖလှယ်ပွဲကြီးမှ ဆုံးဖြတ်သည်။

(၁) ပြည်သူလူထုတရပ်လုံး

(၂) ပြည်တွင်းနိုင်ငံရေးပါတီများ

(၃) အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများ

(၄) နအဖ တပ်မတော်

(၅) နိုင်ငံတကာ အစိုးရများနှင့် အဖွဲ့အစည်းများ

**ပဒိုဘသင်စိန်၏ နီးနှောဖလှယ်ပွဲ အဖွင့်အမှာစကား**

ကျနော် ပထမဦးစွာ လေးစားကြောင်းပြောကြားလိုပါတယ်။ ကျနော်တို့ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ နီးနှောဖလှယ်ပွဲကို ဖိတ်ကြားထားတဲ့ရက်အတိုင်း အခုလိုခေါင်းဆောင်အသီးသီးက တက်တက်ကြွကြွ ရောက်အောင်တက်လာကြတဲ့အတွက်ကြောင့် ကျနော် အထူးဘဲဝမ်းလည်းသာတယ်။ ကျေးဇူးလည်းတင်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျနော်တို့ဟာ ကျနော်တို့ တိုင်းပြည်ကို ပြန်ပြီးတော့ တည်ဆောက်ကြမယ့် ခေါင်းဆောင်တွေဖြစ်တယ်။ ဒီကနေ့အခြေအနေ ကျနော်တို့ပြန်ကြည့်ကြမယ်ဆိုလို့ရှိရင် ကျနော်တို့ဒီနဖူးစည်းမှာ ရေးထားတဲ့အတိုင်း ဖယ်ဒရယ်ဖွဲ့စည်းပုံဟာ ကျနော်တို့အတွက် အများကြီးအရေးကြီးပါတယ်။အဲ့ဒီအတွက်ကြောင့်လည်းဘဲ ကျနော်တို့ ဒီကိစ္စနဲ့ပတ်သတ်ပြီးတော့ ကျနော်ဟာ လေးလေးနက်နက်စဉ်းစားပြီးမှ သဘောထားချမှတ်ပြီးတော့ စုစည်းညီညွတ်ရေးကို စုးစည်း တည်ဆောက်သွားကြရမှာဖြစ်တယ်။ ဒီဖယ်ဒရယ်ဖွဲ့စည်းပုံနဲ့ဖြစ်စေ၊ အကျဉ်းချုပ်ကို ကျနော်အနေနဲ့ ပြောလိုပါတယ်။ ကျနော်တို့ ကေအဲန်ယူ ကရင်အမျိုးသား အစည်းအရုံးမှာ ဖယ်ဒရယ်ပြည်ထောင်စု ဖော်ထုတ်ဖွဲ့စည်းနိုင်ရေးအတွက် ကျနော်တို့ ကြိုးစားလာခဲ့တာ ကြာပါပြီ။ ဒါပေမယ့် ဖယ်ဒရယ်ဖွဲ့စည်းပုံ ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းမယ်ဆိုတဲ့ တရားဝင်ဆုံးဖြတ်ချက်ကို ၁၉၅၆ ခုနှစ်၊ ကျနော်တို့ ကရင်အမျိုးသားရေးရာ congress မှာပဲ ချမှတ်အတည်ပြုခဲ့ပါတယ်။ ဒီတိုင်းပြည်ဟာ ဖယ်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံနဲ့သာလျှင် ကျနော်တို့ ဟာ စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်မယ်၊ တိုင်းရင်းသား လူမျိုးအားလုံးသည်လည်း အာမခံချက်ရှိရှိ နေသွားနိုင်ကြ မယ်ဆိုတဲ့ အတွေးအခေါ်နဲ့ပဲ ကျနော်တို့ဟာ ဒီသဘောထားကို ချမှတ်ခဲ့တာဖြစ်တယ်။ အဲဒီချမှတ်ခဲ့တဲ့အတိုင်းဘဲ ကျနော်တို့လည်း ကြိုးပမ်းလာခဲ့ တယ်။ ဖြစ်စဉ်တွေအနေနဲ့ ကျနော်တို့ အကျဉ်းပြောပြရမယ်ဆိုရင် (၅၆) ခုနှစ်မှာ ဖက်ဒရယ် (constitution) ကို ကျနော်တို့လိုလား ကြောင်း ကျနော်တို့ (congress) မှာ တရားဝင်အတည်ပြုခဲ့ပါတယ်။ နောက်ပိုင်းမှာ ကျနော်တို့ (NDF) အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစုမှာလည်း ဖက်ဒရယ်စနစ်သည်သာလျှင် ကျနော်တို့တိုင်းရင်းသား လူမျိုးတွေအတွက် အာမခံချက်ရှိတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ စနစ် ဖြစ်ကြောင်း ကျနော်တို့က တရားဝင် အတည်ပြုပြီးတော့ ကျနော်တို့ ဖက်ဒရယ် (constitution) ကိုလည်း တတ်နိုင်သ၍ ကိုယ့်နည်း ကိုယ့်ဟန်နဲ့ လေ့လာပြီးတော့ ရေးဆွဲကြတာဖြစ်တယ်။

အဲဒီနောက် တဆင့်ဆိုလို့ရှိရင် ကျနော်တို့ (Federal drafting committee) ကို ကျနော်တို့ ဖွဲ့စည်းခဲ့တယ်။ ကျနော်တို့ (Federal drafting committee) ကို ဖွဲ့စည်းပြီးမှ ကျနော်တို့ဖွဲ့စည်းအုပ်ချုပ်ပုံကို မူမ်းမံတယ်။ ပြဆင်တယ်။ အဲဒီကနေပြီးတော့မှ တဆင့် ကျနော်တို့ဟာ (NCUB) ခေါ်တဲ့ အမျိုးသားကောင်စီ လက်ထဲကို ကျနော်တို့ အပ်တယ်။ တရားဝင်ပေ့ါ။ အမျိုးသားကောင်စီ ကနေပြီးတော့ တရားဝင်လက်ခံပြီးတော့မှ ဒါကို ထပ်မံပြီးတော့မှ မွမ်းမံချယ်သတယ်။ အခုဆိုလို့ရှိရင် တဆင့်ပြီးတဆင့်ပေ့ါ။ ဒီနောက်ဆုံး ဆိုလို့ရှိရင် (Federal drafting committee) ကနေပြီးတော့မှ ဒါတရားဝင်ဖြစ်ရေးနဲ့ အားလုံးကလက်ခံရေးဆိုတဲ့ သဘောထားနဲ့ ကျနော်တို့ဟာ နီးနှောဖလှယ်ပွဲတွေကို ခေါ်ယူကျင်းပပေးတယ်။ ကျနော် သတိရသလောက်ပြောရရင် တော်တော်ခေါ်ယူ ကျင်းပခဲ့ပြီးဖြစ် တယ်။ ဒါပေမဲ့ (Federal constitution) ဆိုတာ (constitution) ဘယ် (constitution) ဆိုဆိုပေ့ါ၊ တခါတည်းရေးဆွဲနဲ့ ပြည့်ပြည့် စုံစုံတော့ ကျနော်တို့ရလိမ့်မယ်လို့ မမြင်ဘူး။ မယူဆပါဘူး။ ဒါတွေဟာ ဆင့်ကဲဆင့်ကဲ လိုအပ်သလို ပြင်သွားရမှာဖြစ်တယ်။ အဲဒီကိစ္စနဲ့ ပတ်သက်လို့ ကျနော်တို့ဖွဲ့စည်းအုပ်ချုပ်ပုံနဲ့ ပတ်သက်ပြီးတော့ သူတို့မှာ အတွေ့အကြုံတွေရှိနေတော့ ကျနော်မှတ်မိသ၍ဆိုလို့ရှိရင် နိုင်ငံ တကာမှာရှိတဲ့ Federal Expert တွေကို ကျနော်တို့ ခေါ်ပြီးတော့ နီးနှောဖလှယ်ပွဲတွေ ချင်းမိုင်မှာလုပ်ခဲ့ပါတယ်။ အဲဒါ လာတဲ့နိုင်ငံက ကျနော်မှတ်မိသ၍ (၉)နိုင်ငံလောက်တော့ရှိမယ်လို့ ကျနော်ထင်ပါတယ်။ အဲဒီထဲမှာ ကျနော်တို့အားလုံးသိကြတဲ့ ခဏခဏစကားပြောကြ ရတဲ့ Joseph Sliver Stine သူလည်း ဒီအစည်းအဝေးမှာ၊ နီးနှောဖလှယ်ပွဲမှာလာပြီးတော့ အကြံအဉာဏ်တွေ ပေးတာရှိတယ်။ အဲဒီလို ကျနော်တို့ လိုလိုလားလားနဲ့ ကျနော်တို့ လိုလိုလားလားနဲ့ ကျနော်တို့ ကြိုးပမ်းပြီးတော့ လေ့လာတာက (Federal state) သာလျှင် ကျနော်တို့ တိုင်းပြည်ရဲ့ စည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်နိုင်မယ်။ အားလုံးက စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ သူတို့ရဲ့အာမခံချက်ရှိရှိနဲ့ ဒီတိုင်းပြည်မှာ စုစုစည်းစည်းနဲ့ အားလုံးစုပေါင်းနေထိုင်မယ်လို့ ကျနော်ယုံကြည်တဲ့အတွက်ကြောင့် အဲဒီအခြေခံ သဘောထားအရ ကျနော်တို့က ဖက်ဒရယ် (constitution) ကို အများလက်ခံနိုင်အောင်၊ ကျနော်တို့လည်းနားလည် သဘောပေါက် အောင် လေ့လာဆည်းပူးရင်းပေ့ါ။ အခုလည်းကျနော်တို့ လုပ်နေကြတာဖြစ်တယ်။ ကျနော်မြင်တာကတော့ ဒါဟာအကောင်းဆုံး ကျနော် တို့ရဲ့တိုင်းပြည်ကို စည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်ရေးလုပ်တဲ့ ကိစ္စပါ။ ကျနော်တို့ မကြာခဏပြောသလိုပေ့ါ အုပ်စိုးသူ အနေနဲ့ကတော့ ကျနော်တို့ ဒီဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံဟာ တိုင်းပြည်ကို စိတ်စိတ်မွှာမွှာဖြစ်အောင် လုပ်တာဖြစ်တယ်။ တိုင်းပြည်ကို ပြိုကွဲအောင်လုပ်တာဖြစ်တယ်ဆိုတာ ပြောတာက ဒါလုံးဝ မဟုတ်ပါဘူး။ ကျနော် နားလည်သ၍ကတော့ Federal constitution ဖွဲ့စည်းအုပ်ချုပ်ပုံဟာ ဒီတိုင်းပြည်တွင်းမှာရှိနေတဲ့ လူမျိုးအားလုံးအပေါ် တန်းတူရေး၊ ဒီမိုကရေစီရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့် လေးစားအသိ အမှတ်ပြုရေး အခြေခံများအပေါ်မှာ ဒါတွေဖွဲ့စည်းထားတဲ့အတွက်ကြောင့် အင်မတန် မူကျကျပေ့ါ တန်းတူရေးအခြေခံပေါ်မှာ ဖွဲ့စည်း

တယ်။ ဒီမိုကရေစီအပေါ်မှာ အခြေခံဖွဲ့စည်းတယ်။ သူတို့မှာ အာမခံချက်လည်းရှိတယ်ဆိုတော့ လူတွေဟာ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ စုပေါင်းမှုနဲ့ နေထိုင်ကြမယ်ဆိုလို့ရှိရင် ကျနော်တို့ တိုင်းပြည်ကြီးဟာ တိုးတက်မှာသေချာတယ်။ အဲဒီအတွက်ကြောင့် ဒါကို ကျနော်တို့က ကောင်းကောင်းလေ့လာပြီးတော့ ကျနော်တို့စိတ်ကြိုက်ဖြစ်အောင်တော့ ကျနော်တို့ဟာ အကြံဉာဏ်တွေကပေးရမှာပဲ။ အကြံပြုချက်တွေပေးရမှာပဲ။ နိုင်ငံတကာမှာ ဖက်ဒရယ်ပြည်ထောင်စု အများကြီးရှိပါတယ်။ အများကြီးရှိတဲ့အနက်က မတူပါဘူး။ အသေးလည်းရှိသလို အကြီးလည်းရှိတယ်။ ဥပမာအားဖြင့် American က ဖက်ဒရယ်ဘဲ၊ Australia ကဖက်ဒရယ်ဘဲ၊ Canada က ဖက်ဒရယ်ဘဲ၊ ဒါဟာ နိုင်ငံကြီးတွေပေ့ါ၊ Germany ဖက်ဒရယ်ပါဘဲ။ ဟို Indonesia က ဖက်ဒရယ်ဘဲ။ India ပြည်မှာလည် ဖက်ဒရယ် ရှိမှာဘဲ။ အဲဒါ ဆိုတော့ မူကတော့ရှိတာပေ့ါ။ အဲဒီ နေရာမှာ ကျနော်တို့အနေနဲ့က လေ့လာတဲ့အခါကြတော့ ဘာဖြစ်လို့ ဒီလိုဖြစ်ရတယ်ဆိုတော့ ဒီ တိုင်းပြည်မှာ နယ်မြေဒေသ ကျယ်ဝန်းမယ်၊ လူမျိုးနည်းနည်းများမယ်ဆိုယင် ဒီစနစ်က အံဝင်ဂွင်ကျဖြစ်လာမယ်။ အာမခံချက်လည်း ရှိတဲ့ အတွက်ကြောင့် ကျနော်တို့ ဒါဟာလိုလားကြတာဖြစ်တယ်။ ဒီလိုလေ့လာတဲ့နေရာမှာ ကျနော်သိတာတခုက အကြမ်းဖျင်းကတော့ Unitary System နဲ့ Federal System ဆိုပြီး ခွဲခြားမှုဟာ အရင်ခံအားဖြင့် တခုဘဲရှိတယ်။ အဲဒါဘာလည်းဆိုတော့ Unitary System မှာဆိုလို့ရှိရင် သူက အာဏာကို လူတဦးလက်ထဲမှာရှိတယ်။ ပါတီတခု အထဲမှာရှိတယ်။ ဖက်ဒရယ်ကြတော့ အဲဒီလိုမဟုတ်ဘူး။ အကယ်၍ အဖွဲ့အစည်းရှိမယ်၊ (state) တွေရှိမယ်ဆိုလို့ရှိရင် သူ့အာဏာတွေဟာဆိုလို့ရှိရင် သူ့လက်ထဲမှာ အသီးသီးရှိပါတယ်။ ဒါပေမယ့် စုပေါင်းကြတယ်။ စုပေါင်းတယ်ဆိုတာက တန်းတူရေးအပေါ်မှာ စုပေါင်းတယ်။ ဒီမိုကရေစီ အခြေခံအပေါ်မှာ စုပေါင်းတယ်။ ကိုယ်ပိုင်ပြဌာန်းခွင့် အခြေခံအပေါ်မှာ စုပေါင်းပြီးတော့ သူတို့အနေနဲ့ကတော့ ဟို စိုးရိမ်စရာမရှိဘူးပေ့ါ။ အာမခံချက်ရှိတယ်။ အဲဒီအတွက်ကြောင့် အားလုံးကသဘောကျလက်ခံကြတယ်။ နှစ်ခြိုက်ကြတယ်။ အားပေးကြတယ်။ အဲဒီအခြေခံအပေါ်မှာလည်း ကျနော်တို့ အားလုံးက သဘောတူတယ်လို့ ကျနော်ဒီလိုဘဲ ယုံကြည်နေတယ်။ အားလုံးကလည်း ဒီအတိုင်းပဲ မြင်တယ်။ ဒါကြောင့်မို့လို့ ဒီဖွဲ့စည်းအုပ်ချုပ်ပုံစနစ်တွေ ဖြစ်မြောက်ရေးအတွက် ကျနော်တို့ဟာ ဆက်လက်ကြိုးပမ်းနေတယ်။ Process ပေ့ါ။ အဲဒီတော့ ရှည်လျားတယ်ဖြစ်ချင်ဖြစ်မယ်။ အဲဒီတော့ ကျနော်တို့အနေနဲ့က ဒီဟာကြီးကို စနစ်တကျ ဖြစ်မြောက်ဖို့ တကယ်လက်တွေ့ အကောင်အထည်ဖေါ်နိုင်ရေးအတွက် ကျနော်တို့အားလုံးအပေါ်မှာ တာဝန်ရှိကြပါတယ်။ အထူးသဖြင့် ကျနော်တို့ ဒီနေ့ဖြစ်ရှိနေတဲ့ ကျနော်တို့တိုင်းပြည်ရဲ့ အခြေအနေတွေဟာ ကျနော်မြင်တာက တကယ့်စုစည်းညီညွတ်တဲ့အားနဲ့ လှုပ်ရှားနိုင်ပါမှ ကျနော်တို့ တော်ရုံဖြစ်မယ်လို့ ကျနော်ထင်တယ်။ တဖွဲ့တစည်းတည်း လူမျိုးတမျိုးတည်း ဒါမှမဟုတ် လူမျိုးစုတစုတည်း၊ အဲဒီလိုနဲ့တော့ သွားလိုမရဘူး။ တပြည်လုံးက စုစုစည်းစည်း ညီညီညွတ်ညွတ်ရှိမှ ပူးပေါင်းလုပ်ဆောင်နိုင်ကြပါမှ အတော်လောက်ဖြစ်မယ်။ ဘာဖြစ်လို့လည်းဆိုတော့ နိုင်ငံတကာက ဒီနေ့ ကျနော်တို့တိုင်းပြည်ကို အများကြီး ဖိအားပေးနေပါတယ်။ တကယ်ဖိအားပေးနေပေမဲ့လို့ ကျနော်တို့ အတွင်းမှာရှိနေတဲ့ အင်အားစုတွေရော ကျနော်တို့အားလုံးက မစုစည်းမညီညွတ်ဘူးဆိုလို့ရှိရင်တော့ သူလည်းဘယ်လိုလုပ်ပြီး အားပေးလို့ရမှာမဟုတ်ဘူး။ ကျနော်တို့ဟာ ကွဲကွဲပြားပြား ဖြစ်နေမယ်။ အစိတ်စိတ်မွှာမွှာဖြစ်နေမယ်ဆိုလို့ရှိရင် မရဘူး။ ဒါမှမဟုတ် ကျနော်တို့ဟာ စုစည်းညီညွတ်စွာနဲ့ ကျနော်တို့အားကို ကျနော်တို့ကပြသနိုင်ရင် နိုင်ငံတကာကအများကြီးအားတက်မယ်။ ကျနော်တို့ကိုလည်း ပံ့ပိုးတဲ့နေရာမှာရော ကူညီတဲ့နေရာမှာရော အများကြီး အထောက်အကူဖြစ်မယ်။ သူတို့လည်း အားရှိမယ်။ ယုံကြည်မှာပေ့ါ။ အခုဆိုလို့ရှိရင် ကြည့်ရမယ်ဆိုလို့ရှိရင် နိုင်ငံတကာမှာ ဖိအားတွေက တော်တော်များများရှိပါတယ်။ ဒါပေမဲ့ ကျနော်တို့မှာက စုစည်းညီညွတ်မှု အားတွေက အားရလောက်အောင် အနေအထားက မရှိသေးတဲ့ အတွက်ကြောင့် ကျနော်တို့ကလက်လက်ပြီးတော့ ကြိုးပမ်းရဦးမယ်။ ဒီနေ့ ကျနော်တို့ ဒီအစည်းအဝေးမှာ ဒီနှီးနှောဖလှယ်ပွဲ ရောက်လာကြတဲ့ ခေါင်းဆောင်အသီးသီးမှာ ကြီးလေးတဲ့တာဝန်တွေရှိပါတယ်။ ကျနော်တို့ တိုင်းပြည်ကို စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ ပြန်လည်ပြီးတော့မှ စနစ်တကျ ပြန်လည်ဖွဲ့စည်းနိုင်ဖို့အတွက် ကျနော်တို့အားလုံးမှာ တာဝန်ရှိကြောင်း ကျနော်တို့အားလုံး လိုလားတဲ့ ဖက်ဒရယ်ဖွဲ့စည်းပုံကိုဘဲ ကျနော်တို့ လိုလားကြတာအတွကကြောင့် ဒါကို လေးလေးနက်နက်စဉ်းစားကြပါ။ ကိုယ့်ရင်ထဲမှာရှိတဲ့ ပြောချင်တာ၊ ဆိုချင်တာတွေကို ဝှက်မထားဖို့ပေ့ါ။ မျိုသိပ်ပြီးတော့မထားဖို့ ဆွေးနွေးချင်တဲ့ အရာတွေကို ပွင့်ပွင့်လင်းလင်းပြောပါ။ ပွင့်ပွင့်လင်းလင်းပြောမှ ကျနော်တို့ရဲ့ စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာအောင် တည်ဆောက်နိုင်မယ်။ အဲဒီကနေပြီးတော့မှတဆင့် ကျနော်တို့အောင်ပွဲခံနိုင်အောင် နိုင်ငံတကာကလည်း ကျနော်တို့ကို စာနာမှုပိုပြီးတော့ကြီးမားလာအောင် အဲဒီကနေ ပြီးတော့မှတဆင့် ကျနော်တို့ ဆက်လက်ပြီး ကြိုးပမ်းသွားကြရမှာဖြစ်တယ်။ ကျနော်တို့ကို နိုင်ငံတကာက ထောက်ခံအားပေးမှု စာနာမှုကိုလည်း ကျနော်တို့ဆက်လက်ပြီးတော့မှ ရယူဖို့လည်း ကြိုးစားသွားရမှာဖြစ်တဲ့ အတွက်ကြောင့် ခေါင်းဆောင်တွေဖြစ်တဲ့ အားလုံး ဒီနေ့ဒီအစည်းဝေးဖြစ်တဲ့ ဒီနေရာမှာ တက်တက်ကြွကြွနဲ့ တက်ရောက်လာကြတဲ့ အတွက်ကြောင့် ကျနော်များကြီးဝမ်းသာတယ်။ အားတက်တယ်။ အဲဒီကနေပြီး တဆင့်ညီညွတ်ရေးတည်ဆောက်ပြီး ကျနော်တို့ အောင်ပွဲခံတဲ့အထိ တက်တက်ကြွကြွနဲ့ ပါဝင်သွားကြပါလို့ ပြောကြားရင်နဲ့ နိဂုံးချုပ်လိုက်ပါတယ်။

# အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူများ ချမှတ်ရေး နှီးနှောဖလှယ်ပွဲ
# သဘောတူဆုံးဖြတ်ချက်များ
# Resolution on Basic Principles Seminar

အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူများချမှတ်ရေး နှီးနှောဖလှယ်ပွဲတရပ်ကို သက္ကရာဇ် ၂၀၀၅ ခုနှစ် ဖေဖေါ်ဝါရီလ ( ၉ ) ရက် နေ့မှ ( ၁၂ ) ရက်နေ့အထိ နယ်စပ်တနေရာတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ထိုအခြေခံမူများချမှတ်ရေး နှီးနှောဖလှယ်ပွဲကြီးသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းအသီးသီးတို့မှ ခေါင်းဆောင်များနှင့်တကွ အမျိုးသမီးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများ တို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ( ၁၀၆ ) ဦး တက်ရောက်ခဲ့ကြပါသည်။

ဤနှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်အသီးသီးတို့မှ အနာဂတ် ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူများအဖြစ် အောက်ဖေါ်ပြပါအတိုင်း တညီတညွတ်တည်း အတည်ပြု ခဲ့ပါသည်။

ယင်းအခြေခံမူများမှာ —

( ၁ ) အချုပ်အခြာအာဏာ ( Sovereign Power )
နိုင်ငံ၏ အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုထံမှသာ ဆင်းသက် စေရမည်။

( ၂ ) တန်းတူရေး ( Equality )
တိုင်းရင်းသားလူမျိုးတိုင်းသည်နိုင်ငံရေးအရဖြစ်စေ၊လူမျိုးရေးအရဖြစ်စေတန်းတူရည်တူအခွင့်အရေး ရှိစေရမည်။

( ၃ ) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ( Self-determination )
တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝ ရှိစေရမည်။

( ၄ ) ဖက်ဒရယ်ပြည်ထောင်စုမူများ ( Federal Principles )
ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်နယ်များဖြင့် ဖွဲ့စည်းသည့် ဖက်ဒရယ် ပြည်ထောင်စုဖြစ်ရမည်။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ် ထားရှိရမည်။

( ၅ ) လူနည်းစုများ၏ အခွင့်အရေးများ ( Minority Rights )
ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများအား ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် အတိအလင်း ကာကွယ်ပြဋ္ဌာန်းပေးရမည်။

( ၆ ) ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာတန်းတူညီမျှမှု
( Democracy, Human Rights and Gender Equality )
ဘာသာအယူဝါဒ၊ အသားအရောင်၊ လိင်ကွဲပြားမှုများကိုအခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေဘဲ အခြေခံလူ့အခွင့်အရေးများ၊ ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ် ပြဋ္ဌာန်းပေးရမည်။

( ၇ ) ဘာသာရေးကို အခြေမခံသောနိုင်ငံ ( Secular State )
ဘာသာရေးကို အခြေမခံသော နိုင်ငံတော် ဖြစ်စေရမည်။

( ၈ ) ပါတီစုံဒီမိုကရေစီစနစ် ( Multi-party Democracy System )
ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။

အထက်ပါ အခြေခံမူများအပြင် —

( ၁ ) Civilian Supremacy အရပ်ဘက် အုပ်ချုပ်မှုအောက်တွင် ပြည်ထောင်စုတပ်မတော်ထားရှိရေး၊
( ၂ ) ပြည်နယ်သစ်များဖွဲ့စည်းရေး၊
( ၃ ) ( က ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
( ခ ) အမျိုးသမီးများနှင့် ကလေးများဆိုင်ရာ ကာကွယ်စောင့်ရှောက်နှင့် တိုးတက်မြှင့်မားရေးအတွက် အထူးလုပ်ဆောင်ချက်များ အကောင်အထည်ဖေါ် ဆောင်ရွက်ရေး၊ စသည့်မူများကို ဖက်ဒရယ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရာတွင် အလေးအနက် ထည့်သွင်းပြဋ္ဌာန်းသွားရန် သဘောတူ လက်ခံကြပါသည်။

ရှေ့လုပ်ငန်းစဉ်များဆိုင်ရာဆုံးဖြတ်ချက်များမှာ။

( ၁ ) သဘောတူညီမှုရရှိပြီးသော အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူများအပေါ်တွင် အခြေခံပြီး ဖက်ဒရယ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ်အား ဆက်လက် အကောင်အထည်ဖေါ် ဆောင်ရွက်သွားရန် ဆုံးဖြတ်သည်။
( ၂ ) ဤလုပ်ငန်းစဉ်အား ဆက်လက်အကောင်အထည် ဖေါ်နိုင်ရေးအတွက် NCUB, NDF, UNLD(LA), KNPP, SDU, WLB နှင့် လူငယ်အဖွဲ့အစည်းများကို တာဝန်ပေးအပ်ထားပါသည်။

( ၃ ) ထိုသို့ဆောင်ရွက်ရာတွင် ဖက်ဒရယ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းမှုကော်မတီ ( Constitutional Drafting Coordination Committee ) တရပ်အား ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် ဥပဒေရေးရာ အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားရန် လမ်းညွှန်သည်။

( ၄ ) ယင်းအခြေခံမူများကို အောက်ဖေါ်ပြပါ နယ်ပယ်အသီးသီးတွင် ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုများ ရရှိနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်း ဤနီးနှောဖလှယ်ပွဲကြီးမှ ဆုံးဖြတ်သည်။

( ၁ ) ပြည်သူလူထုတရပ်လုံး –
( ၂ ) ပြည်တွင်းနိုင်ငံရေးပါတီများ –
( ၃ ) အပစ်အခတ် ရပ်စဲထားသော လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့အစည်းများ –
( ၄ ) နအဖ တပ်မတော် –
( ၅ ) နိုင်ငံတကာ အစိုးရများနှင့် အဖွဲ့အစည်းများ –

နေ့စွဲ။ ၂၀၀၅ ခုနှစ်၊ ဖေဖေါ်ဝါရီလ ( ၁၂ ) ရက်။

တက်ရောက်သည့် အဖွဲ့အစည်းများ –

1. Members of Parliament Union ( MPU )
2. National Coalition Government of The Union of Burma ( NCGUB )
3. National League for Democracy ( Liberated Area ) ( NLD-LA )
4. All Burma Students Democratic Front ( ABSDF )
5. All Burma Muslim Union ( ABMU )
6. All Burma Young Monks Union ( ABYMU )
7. Arakan Liberation Party ( ALP )
8. Chin National Front (CNF )
9. Democratic Party for New Society ( DPNS )
10. Federation of Trade Unions – Burma ( FTUB )
11. Karen National Union ( KNU )
12. Lahu Democratic Front ( LDF )
13. Muslim Liberation Organization Burma ( MLOB )
14. Network for Democracy and Development ( NDD )
15. NaGa National League for Democracy ( NNLD )
16. Oversea Karen Organization ( OKO )
17. Pa-O People Liberation Organization ( P.P.L.O)
18. Myeik Dawei United Front (M.D.U.F)
19. People's Defense Force ( PDF )
20. People 's Liberation Front ( PLF )
21. People's Progressive Front ( PPF )
22. Pa-laung State Liberation Front ( PSLF )
23. People's Patriotic Party ( PPP )
24. Arakan League for Democracy ( ALD )
25. Chin National League for Democracy ( CNLD )
26. Kachin National Congress for Democracy ( KNCD )
27. MNDF-
28. Mara People's Party ( MPP )
29. UKL-
30. Kachin National Organization ( KNO )
31. Zomi National Congress ( ZNC )
32. Shan Democratic Union ( SDU )
33. The Karenni National Progressive Party ( KNPP )
34. Women’s League of Burma ( WLB )
35. Students and Youth Congress of Burma ( SYCB )
36. Nationalities Youth Forum ( NY Forum )
37. Assistance Association for Political Prisoners ( Burma ) - ( AAPP )
38. Burma Lawyers' Council ( BLC )
39. All Burma Federation of Student Unions ( Foreign Affairs Committee ) (ABFSU-FAC )
40. Burma Labour Solidarity Organization ( BLSO )
41. Coordinating Committee (Fort Wanye).
42. Committee for Protection and Promotion of Child Rights. ( CPPCR )

*******

# Resolutions of the 'Basic Principles' Seminar

February 12, 2005

The seminar to lay down the basic principles for the future federal constitution was successfully held at a location on the Burmese border from 9 to 12 February 2005. It was attended by 106 elected people's representatives, leaders from political organizations, women organizations, youth organizations, and civic society institutions from the Union of Burma.

Following the seminar, the delegates unanimously endorsed the following basic principles for the future federal constitution:

## The Basic Principles

**1. Sovereign Power**
The sovereign power of the Union shall derive from the people.

**2. Equality**
Every nationality in the Union shall enjoy equal political and ethnical rights.

**3. Self-determination**
Every nationality shall fully enjoy the right to self-determination in political, economic, social, and cultural affairs.

**4. Federal Principles**
The Union shall be established with states which fully enjoy the right to self-determination, and the Union Assembly shall be a bicameral legislature consisting of a Chamber of Nationalities (Upper House) and Chamber of Deputy (Lower House).

**5. Minority Rights**
All rights of National Minorities who reside in the member states of the Union shall be fully guaranteed by Constitution

**6. Democracy, Human Rights, and Gender Equality**
Discrimination based on religious belief, ethnicity, or gender shall not be permitted and fundamental human rights and democratic rights shall be protected and guaranteed by law.

**7. Secular State**
The Union shall be a secular state.

**8. Multi-party Democracy System**
The federal Union shall practice a multi-party democracy system.

In addition to the abovementioned basic principles, delegates at the seminar also agreed to include the following issues when drafting the future federal constitution:

1. Civilian Supremacy: The Union Defense Services shall be subordinate to and subject to the control of civilian authority.

2. Conditions that permit the establishment of new states within the Union

3. (a) Protection of the environment

(b) Promotion of the welfare of women and children and safeguarding of their interests through special measures

**Resolutions relating to future tasks**

The Seminar resolves:

(1) To continue the federal constitution drafting process based on the basic principles agreed at the seminar for drafting the future federal constitution,

(2) To assign the NCUB (National Council of the Union of Burma), the NDF (National Democratic Front, the UNLD (LA) [United Nationalities League for Democracy (Liberated Area)], the KNPP (Karenni National Progressive Party), the SDU (Shan Democratic Union), the WLB (Women League of Burma), and youth organizations to carry out the task

(3) To establish the Constitutional Drafting Coordination Committee and an Advisory Committee consisting of experts to facilitate the federal constitution drafting process, and

(4) To make dynamic efforts toward winning broad and extensive support for the basic principles from the following:

a. All the people
b. Political parties inside the country
c. Armed ethnic forces which have concluded ceasefire agreements
d. The SPDC's Defense Services
e. Governments globally and international institutions